Myanmar. Ver

Apply Korea အသုံးပြုနည်း လမ်းညွှန်

ပညာရေး အကြံပေး (For mentor) ကိုရီးယား ပြည်တွင်းရှိ
တက္ကသိုလ် တက်ရောက်နေသူ
ကျောင်းသားကျောင်းသူများနှင့်ဘွဲ့ရရှိပြီးသူများ အတွက်

MYANMAR

applykorea

မာတိကာ

1. ပညာရေး အကြံပေးအတွက် လမ်းညွှန်
2. အကြံပေးခြင်း အဆင့်ဆင့် လုပ်ဆောင်ချက်
3. အကြံပေး လုပ်ရန် အဆင့် (၃) ဆင့်
4. ပညာရေး အကြံပေး ဝန်ဆောင်ခ စာရင်းရှင်းလင်းနည်း
5. အမေးများသော မေးခွန်းများနှင့် အဖြေများ
6. ပညာရေး အကြံပေးများ၏ အတွေ့အကြုံများ

ပညာရေး အကြံပေး လမ်းညွှန်ချက်

applykorea

ပညာရေး အကြံပေး ဝန်ဆောင်မှုဆိုသည်မှာ ကိုရီးယားနိုင်ငံတွင်း ပညာသင်ယူရန် အကြံပေးတာဝန်ခံနှင့် တဦးချင်း ဆွေးနွေးမှု ရယူသော ဝန်ဆောင်မှု ဖြစ်ပါသည်။
ပညာရေး အကြံပေး မှ ကိုယ်တိုင် တွေ့ကြုံရသော အတွေ့အကြုံနှင့် Tips များက ကျောင်းသားအတွက် အထောက်အကူဖြစ်စေပါသည်။ ကျောင်းသားအနေနဲ့
ပညာရေး အကြံပေး ဝန်ဆောင်မှုကို လျှောက်ထားပြီး ဝန်ဆောင်ခ ပေးဆောင်ပါက ပညာရေး အကြံပေးဆီကို အကျိုးအမြတ် ရရှိမှာဖြစ်ပါသည်။
ခုချိန်ကစပြီး သင့်ရဲ့ကိုရီးယား ပညာတော်သင်ကျောင်းသား ဘဝ အတွေ့အကြုံမှ တဆင့် အကျိုးအမြတ် ရယူလိုက်ရအောင်။

ပညာရေး အကြံပေး ဝန်ဆောင်ခ
Fee 1:N
ဒေါ်လာ ၃၀ >> ဝမ် ၂၃၀၀၀

TIP

- နာမည်ရ ပညာရေး အကြံပေး ဖြစ်သွားပါက ကျောင်းသားအများစုရဲ့ ဝန်ဆောင်မှုကို လုပ်ဆောင်ပေးရင်း အကျိုးအမြတ်များ ပိုမို ရရှိနိုင်ပါတယ်။
- ကိုရီးယား ပညာတော်သင် အတွေ့အကြုံကို များများရေးသားပေးပါက ကျောင်းသားများများ ရနိုင်ဖို့ အတွက် ထောက်ပံ့ပေးပါတယ်။
- " မိမိ အတွေ့အကြုံ" မှာ ကျောင်းသားတွေ စိတ်ဝင်စားလောက်မယ့် ကိုရီးယား ကျောင်းသားဘဝ အတွေ့အကြုံများကို ရေးသားပေးပါ။
  ကိုယ်တိုင် ကျောင်းလာတက်ဖို့ ပြင်ဆင်တုန်းက အသိချင်ဆုံး အကြောင်းအရာတွေက စပြီး ရေးသားကြည့်ပါ။



ပညာရေး အကြံပေး အနေနဲ့ လုပ်ဆောင်ရန် အဆင့် (၃) ဆင့်

1.ပညာရေး အကြံပေး အနေနဲ့ လျှောက်ထားရန်။

Website https://www.applykorea.or.kr/ မှ တဆင့် သို့မဟုတ်
app store မှာ 'applykorea' လို့ ရှာပြီး application download လုပ်ကာ လျှောက်ထားရပါမယ်။

2.ကိုယ့် profile ကိုယ် ဖန်တီး အလှဆင်ရန်။
ကိုယ့် profile ကိုယ် အချက်အလက် ဖြည့်စွက်ပြီး အလှဆင်ရပါမယ်။ လူကြိုက်များ နာမည်ရသော အကြံပေး ဖြစ်ဖို့ဆိုရင် အသေးစိတ် အချက်အလက်များ ရေးနိုင်လေ ကောင်းလေးပါပဲ။
Best Mentor Profile နမူနာကို အောက်မှာ ဝင်ရောက် ကြည့်နိုင်ပါတယ်။ "Mentor Richad profile" မှ ကိုးကားပါရန်။

3. Mentor Profile ကို မိမိ လူမှု ကွန်ယက် စာမျက်နှာတွင် ပြန်လည် ဝေမျှရန်။
Mentor profile ကို ပြည့်ပြည့်စုံစုံရေးသားပြီး ကိုယ့် profile လိပ်စာကို အနီးအနားမှာရှိသော သူငယ်ချင်းတွေကို ဝေမျှလိုက်ပါ။ အသုံးများသော လူမှုကွန်ယက် စာမျက်နှာတွင် "နိုင်ငံခြားသား ကျောင်းသား ပညာရေး အကြံပေး" စတင်ခြင်းအတွက် ပြန်လည်ဝေမျှလိုက်ပြီး Instagram Bioတွင်လည်း မိမိ profile linkကို ချိတ်ဆက်ထားခြင်းဖြင့် ကျောင်းသားအများစုကို စုဆောင်းနိုင်မှာပါ။



1) ပညာရေး အကြံပေး လျှောက်ထားရန် လမ်းညွှန်

applykorea

ကိုရီးယားလူမျိုး၊ နိုင်ငံခြားသားနှင့် တက္ကသိုလ် အဖွဲ့အစည်း ထဲမှ တခုကို ရွေးပြီး လျှောက်ထားရပါမယ်။
မိမိ လူမှုကွန်ယက်စာမျက်နှာ (social media) မှ တဆင့် တန်းဝင်လို့ရပါတယ်။

① ညာဘက် menu မှ တဆင့် log in> member register လုပ်ရပါမယ်။



② ကိုယ်ရေး အချက်အလက်များကို ဖြည့်စွက်ပြီး လျှောက်ထားရပါမယ်။



③ မိမိနှင့် သက်ဆိုင်သော category ကို ရွေးချယ်ပြီး ဖုန်းနံပါတ်ထည့်သွင်းရပါမယ်။



④ ဖြည့်စွက်ထားသော အီးမေးလ်လိပ်စာသို့ ပေးပို့လာသော verify link ကို နှိပ်လိုက်ရင် ရပါပြီ။



2) Mentor profile ကို ဘယ်လို အကောင်းဆုံးဖန်တီးမလဲ

applykorea

အကောင်းဆုံး ပညာရေး အကြံပေးရဲ့ စာမျက်နှာကို ဝေမျှပေးလိုက်ပါတယ်။ Best Profile : Richard
ကျောင်းသားတွေ အများဆုံး စိတ်ဝင်စားမယ့် အကြောင်းအရာတွေကို တင်ပြရေးသားထားခြင့်ဖြင့် ဝန်ဆောင်မှု ရယူနိုင်ခြေ ပိုများလာနိုင်ပါတယ်။

① Log in ဝင်ပြီး မိမိ စာမျက်နှာ (my page) ကို ဝင်ပါ။



② မိမိစာမျက်နှာ (my page) မှ မိမိရဲ့အချက်အလက် (My Information) ကို နှိပ်ပါ။





③ မိမိ အချက်အလက် ပြင်ဆင်ရန် ကို နှိပ်ပြီး အချက်အလက်ကို ပြုပြင်နိုင်ပါတယ်။





④ ပြီးရင်တော့ My profile ကို နှိပ်ပြီး စစ်ဆေးနိုင်ပါတယ်။



BEST Profile
<멘토 Richad> 의 프로필을 참고하세요!

3) ကိုယ်ပိုင် mentor profile ကို လူမှုကွန်ယက်စာမျက်နှာတွင် ဝေမျှရန်။

Profile ကို ပြည့်ပြည့်စုံစုံ ရေးသားပြီးပြီ ဆိုပါက တခြားသော မိမိ အသုံးပြုသော လူမှုကွန်ယက်စာမျက်နှာတွင် ဝေမျှပါ။
မိမိ Profile ကို ကြည့်ပြီး တခြားသော ပညာရေး အကြံပေး လုပ်ဆောင်ချင်သော ကျောင်းသားများလည်း လျှောက်ထားနိုင်ပါတယ်။

① Log in ဝင်ပြီး Find a Mentor ကို သွားပါ။



② Search box တွင် မိမိ နာမည်ကို ရိုက်ထည့်ပါ။



③ Profile ကို တွေ့တာနဲ့ နှိပ်ပြီး ဝင်လိုက်ပါ။



④ ကွန်ပျူတာ သို့ မဟုတ် ဖုန်းကနေ linkကိုယူပြီး ဝေမျှလိုက်ပါ။



Mentor အနေနဲ့ အကျိုးအမြတ် ရှာဖွေနိုင်မယ့် နည်းလမ်း

applykorea

1. Mentee တယောက် ရရင် ကိုယ် ဘယ်လောက်ရမလဲ?

Mentee အသစ်တယောက်မှ ကိုယ့် Profile ထဲဝင်ပြီး ဝန်ဆောင်ခကို ငွေပေးချေပါက ပေးချေသော ဒေါ်လာ ၃၀မှ ၀မ် ၂၃၀၀၀ကို ရရှိမှာဖြစ်ပြီး လစဉ် ဆက်လက် ပေးချေသွားပါက လစဉ် ရရှိမှာဖြစ်ပါတယ်။

2. ကိုယ့် Mentee က ကျောင်းလျှောက် ဝန်ဆောင်မှုကို ငွေပေးချေပါက?

Mentee မှကျောင်းလျှောက်ဖို့ စာရွက်စာတမ်းတင်သော ဝန်ဆောင်ခ ဒေါ်လာ ၃၀၀ ပေးချေပါက ဝမ် ၂သိန်း ရရှိမှာဖြစ်ပါတယ်။

အကျိုးအမြတ် ..... 1. ပညာရေးအကြံပေး ဝန်ဆောင်မှု + သုံးယောက် နှစ်ယောက် တယောက်

\+ 2. လျှောက်လွှာတင်ခြင်း

=

1. အကျိုးအမြတ်	23,000원
2. ကျောင်းလျှောက်ခြင်း အကျိုးအမြတ်	200,000원
0 1ယောက် နှုန်းထား(1+2)=	223,000원
10ယောက် နှုန်းထား (1+2)=	2,230,0000원

ကိုယ် တာ

ပညာရေး အကြံပေး အတွက် နည်းလမ်းကောင်း

applykorea

1. Menteeအတွက် ပထမအကြိမ် အခမဲ့ဆွေးနွေးခွင့် တကြိမ်ကိုပြောပြပေးပါ။

ပထမဆုံး menteeလျှောက်ထားသူအတွက် တကြိမ် အခမဲ့ ဆွေးနွေးနိုင်ပါတယ်။
ကိုယ် ့ဆီ လာလျှောက်တဲ့ menteeကို ပထမဦးစွာအနေနဲ့ တလတာ အခမဲ့ဆွေးနွေးခွင့် ကို ပေးနိုင်ပါတယ်။

တလတာ အခမဲ့ဆွေးနွေးပြီးပါကငွေပေးချေရပါမယ်။
Apply Korea ကကိုရီးယား တရားဝင် အကျိုးအမြတ် ရှာဖွေနိုင်သော လုပ်ငန်းဖြစ်ပါတယ်။

2. ပိုမို ပြည့်စုံသော တက္ကသိုလ်ကျောင်းသားဘဝ၊ တက္ကသိုလ် အချက်အလက်များကို contentsအနေနဲ့ ဖန်တီးပါ။

Apply Korea platform တွင် ကိုယ့် တက္ကသိုလ်ကျောင်းသားဘဝ၊ တက္ကသိုလ် အချက်အလက်၊ ပညာတော်သင်ဆု၊အဆောင်စသော အချက် အလက်များဖြင့် contents ဖန်တီးပါ။

Personal branding လုပ်ပေးခြင်းဖြင့် ကိုယ့် အကျိုးအမြတ်တွေ ပိုမို တိုးပွါးလာနိုင်ပါတယ်။

နာမည်ရ ပညာရေး အကြံပေးများကို Apply Korea မှအသေးစိတ် ထပ်မံထောက်ပံ့ပေးသွားပါမယ်။
ပညာရေးအကြံပေးများအတွက် သီးသန့် အစီအစဉ်များ၊ ယဉ်ကျေးမှုပွဲများ၊ eventများကို ဖိတ်ကြားသွားပါမယ်။

ပညာရေး အကြံပေး ဝန်ဆောင်မှု အဆင့်ဆင့်

applykorea

ကိုယ့် mentee ကို စစ်ဆေးပြီး Mentor နဲ့ စကားပြောရန် ဆိုသော နေရာတွင် စစ်ဆေးပြီး အပြန်အလှန်ဆွေးနွေးနိုင်ပါတယ်။

① Menu ကိုနှိပ်ပြီး log inဝင်ပါ။

② Log in တွင် အီးမေးလ် နှင့် လျှို့ဝှက်နံပါတ် ရိုက်ထည့်ပါ။

③ My pageကို သွားပါ။

④ Mentoring ထဲတွင် တဦးချင်း အပြန်အလှန်ဆွေးနွေးမယ့် menteeကိုရွေးပါ။

⑤ Mentee မေးထားသော မေးခွန်းများထဲမှရွေးချယ်ပြီးဖြေဆိုပါ။

⑥ Menteeရဲ့မေးခွန်းကို ပြန်စာ ပေးပို့ပါ။













menteeအနေနဲ့ တလကို စာ အကြိမ် ၃၀ထိပို့ပြီး မေးလို့ရပါတယ်။ အဖြေကို ၂၄ နာရီအတွင်း ပြန်ဖြေပေးရမှာ ဖြစ်ပြီး ပျက်ကွက်ပါက ၃ကြိမ်အထိ ကြုံတင်အသိပေးပြီးနောက် ထုတ်ပယ်မှာဖြစ်ပါတယ်။

အမေးများသော မေးခွန်းများ (FAQ)

applykorea

Q လျှောက်လိုက်တာနဲ့ တန်း ပညာရေးအကြံပေး လုပ်လို့ ရပါသလား။

ခုလက်ရှိ ကိုရီးယား တက္ကသိုလ်နှင့် ဘွဲ့လွန် ကျောင်း တက်ရောက်နေသူ သို့မဟုတ် ဘွဲ့ရရှိပြီးသား နိုင်ငံခြားသားကျောင်းသား ကျောင်းသူ မည်သူမဆို လျှောက်နိုင်ပါတယ်။
ဘွဲ့ရသွားလည်း ဆက်လုပ်သွားလို့ရပါတယ်။

Q အကျိုးအမြတ် လက်ခံဖို့ ကိုရီးယား ဘဏ်အကောင့် ရှိဖို့ လိုပါသလား။

ပထမဆုံး mentee ရပြီဆိုတာနဲ့ ကိုရီးယား နိုင်ငံတွင်းသုံး ဘဏ်အကောင့် ကို ချိတ်ဆက်ထားပေးမှ အကျိုးအမြတ်ကို ရှင်းပေးလို့ရမှာပါ။

*ပထမဆုံး ငွေရှင်းလင်းပေးတဲ့အခါ ID ကတ် မိတ္တူကိုတော့ တင်ပေးရပါမယ်။

Q ပညာရေး အကြံပေးအတွက် တခြား အကျိုးခံစားခွင့်ရှိပါသလား။

ကိုရီးယား နိုင်ငံတွင်း တခြား နိုင်ငံခြားသား ပညာရေး အကြံပေးတွေနဲ့ ရင်းနှီးခွင့် ရနိုင်ပြီး ပညာရေး အကြံပေးများအတွက် သီးသန့် အစီအစဉ်များကိုလည်း ဖိတ်ကြားသွားပါမယ်။ တက်ကြွတဲ့ ပညာရေးအကြံပေးတွေကိုလည်း တဦးတည်း သီးသန့် ကြော်ငြာများလည်း ထောက်ပံ့ပေးသွားပါမယ်။

Q အကျိုးအမြတ် ငွေရှင်းတမ်းကို ဘယ်လိုလုပ်ဆောင်မှာပါလဲ။

Mentee က အကြံပေး ဝန်ဆောင်မှုအတွက် ဒေါ်လာ ၃၀ ပေးချေပါက အကြံပေးအနေနဲ့ အကျိုးအမြတ် ၂၃၀၀၀ ဝမ် ရရှိမှာဖြစ်ပါတယ်။ Mentee က ကျောင်းဝင်ခွင့်အတွက် ဒေါ်လာ ၃၀၀ ပေးချေပါက အကြံပေးအနေနဲ့ ဝမ် ၂သိန်းရရှိမှာပါ။
လစဉ် ၁ရက်နေ့မှ စပြီး လကုန်အထိ ရရှိထားသော ဝန်ဆောင်ခများကို နောက်လရဲ့ ၁၅ရက်နေ့တွင် အကြံပေးရဲ့ ဘဏ်အကောင့်သို့ ပေးပို့သွားမှာပါ။

နောက်ပိုင်း Apply Korea ဝန်ဆောင်ခ အတိုး အလျော့ ရှိပါက ပညာရေး အကြံပေးထံသို့ ပြန်လည်သတ်မှတ်ပြီး ပေးချေသွားပါမယ်။

ပညာရေး အကြံပေးများရဲ့အတွေ့အကြုံများ

applykorea

Gabriela M / SSK / Spain

- Apply Korea **ပညာရေးအကြံပေးလျှောက်ထားရခြင်း ရည်ရွယ်ချက်**

ကိုရီးယား ပညာတော်သင် လာဖို့ ပြင်ဆင်တာမှ အစကျောင်းသား ဘဝအတွေ့အကြုံများကို အလွယ်တကူ ဝေမျှနိုင်ပြီး အဆင်ပြေချောမွေ့စွာ ပြင်ဆင်နိုင်ဖို့ ကူညီပေးနိုင်တဲ့ အစီအစဉ်ကောင်းတခုမလို့ ပါဝင်ဖြစ်ခဲ့ပါတယ်။ Mentorရော Menteeရော နှစ်ဦး နှစ်ဖက်အတွက် အကျိုးရှိမယ်လို့ ထင်ပါတယ်။

Alisa / KYUNGBOK / Russia



- Apply Korea **ပညာရေးအကြံပေးလျှောက်ထားရခြင်း ရည်ရွယ်ချက်**

တက္ကသိုလ် အလိုက် ပညာတော်သင်ဆု၊အဆောင်၊ လူသိများသော မေဂျာဌာန၊ နိုင်ငံခြားသား အလုပ်အကိုင် အခွင့်အလမ်း ထောက်ပံ့ပေးမှု၊ နိုင်ငံခြားသား ကျောင်းသား ကျောင်းသူများအတွက် သီးသန့် အစီအစဉ်များ စသဖြင့် အချက်အလက်များ မရှိဘဲ ကျောင်းဝင်ခွင့် လျှောက်ခဲ့ရတဲ့ အတွက် နောင်တရခဲ့ဖူးပါတယ်။ အဲအတွက် ကိုရီးယား တက္ကသိုလ် ဝင်ခွင့် လျှောက်မယ့် ကျောင်းသားတွေအတွက် တက္ကသိုလ် အချက်အလက်တွေကို တိကျသေချာစွာ ပြောပြပေးချင်ခဲ့ပါတယ်။

Cynthia / Ewha / Hong Kong

- Apply Korea **ပညာရေးအကြံပေးလျှောက်ထားရခြင်း ရည်ရွယ်ချက်**

ပညာတော်သင်ပို့ပေးသော သင်တန်းကျောင်းများမှ တဆင့် အကုန်အကျ အများကြီးခံပြီး လာခဲ့ရတဲ့ ကျွန်မလို ဖြစ်ရပ်မျိုး မကြုံစေချင်ပါဘူး။ ပညာရေး အကြံပေးမှ တဆင့် ကျောင်းလျှောက်ဖို့ ပြင်ဆင်ရင် ကုန်ကျစရိတ်လည်း မများဘဲ ကိုရီးယားကို လာနိုင်ပါကြောင်း ပြောပြချင်ခဲ့ပါတယ်။

Myanmar. Ver

Apply Korea အသုံးပြုနည်း လမ်းညွှန်

(Mentee အတွက်) ကိုရီးယား ပညာတော်သင်လာရန်
ပြင်ဆင်နေသောကျောင်းသားကျောင်းသူများအတွက်

MYANMAR

applykorea

မာတိကာ

1. Mentee လမ်းညွှန်
2. Menteeလျှောက်ထားနည်း
3. ပညာရေး အကြံပေး ဝန်ဆောင်ခ ပေးချေနည်း
4. ပညာရေး အကြံပေး ဝန်ဆောင်မှု ယူရန် အဆင့်ဆင့်
5. လှုပ်ရှားမှု လမ်းညွှန်
6. အမေးများသော မေးခွန်းများ

Mentee လျှောက်ထားခြင်းဆိုင်ရာ လမ်းညွှန်

ပညာရေး အကြံပေး ဝန်ဆောင်မှုကတော့ ကိုရီးယား ပညာတော်သင်ဘဝနဲ့ ပတ်သက်ပြီး အကြံပေးနဲ့ 1:1 တိုင်ပင်ဆွေးနွေးလို့ရတဲ့ ဝန်ဆောင်မှုပဲ ဖြစ်ပါတယ်။
သက်ဆိုင်ရာ နိုင်ငံအသီးသီးမှ ပညာရေး အကြံပေးတွေနဲ့ တိုက်ရိုက် ဆက်သွယ်ပြီး ကိုရီးယား ကျောင်းသားဘဝရဲ့ အတွေ့အကြုံတွေကို မေးမြန်းနိုင်ပါတယ်။

TIP

- ကိုရီးယားကို ကျောင်းလာတက်ဖို့ ကုန်ကျစရိတ်သက်သာစွာနဲ့ အလွယ်တကူ ပြင်ဆင်ပါ။
- Apply Korea: Find A Mentor မှာ နိုင်ငံပေါင်းစုံမှ ဘာသာစကားပေါင်းစုံ ပြောဆိုနိုင်သော ပညာရေး အကြံပေးများ ရှိပါတယ်။
- ကိုရီးယားမှာ လက်ရှိ တက်ရောက်နေကြသော အကြံပေးများဖြစ်တဲ့ အတွက် သင် သိလိုသမျှကို ဖြေကြားပေးနိုင်ပါတယ်။
- ပညာရေး အကြံပေးမှ တဆင့် တက်ရောက်လိုသော ကျောင်းနဲ့ ပတ်သက်ပြီး တိုင်ပင်ပြီးကာ ကလစ် တချက်တည်းဖြင့်
- စာရွက်စာတမ်း တင်ပြီး လျှောက်ထားနိုင်ပါတယ်။



Mentee အဖြစ် လျှောက်ထားနည်း

ကိုရီးယားလူမျိုး၊ နိုင်ငံခြားသားနှင့် တက္ကသိုလ် အဖွဲ့အစည်း ထဲမှ တခုကို ရွေးပြီး လျှောက်ထားရပါမယ်။
မိမိ လူမှုကွန်ယက်စာမျက်နှာ (social media) မှ တဆင့် တန်းဝင်လို့ရပါတယ်။

① ညာဘက် Bar ကို ဆွဲလိုက်ပြီး Member log in လုပ်ပါ။



② ကိုယ့် အချက်အလက်တွေကို ဖြည့်စွက်ပြီး လျှောက်ထားပါ။



③ ကိုယ်နဲ့ သက်ဆိုင်သော category ကို ရွေးချယ်ပြီးပါက ဖုန်းနံပါတ်ကို ဖြည့်ပါ။



④ လျှောက်ထားသောအခါ ဖြည့်လိုက်သော အီးမေးလ်သို့ ရောက်လာသော Linkထဲဝင်ပြီး အတည်ပြုလိုက်ရင် ရပါပြီ။



ပညာရေး ဆွေးနွေးရန် ငွေပေးချေခြင်း

applykorea

ပညာရေး အကြံပေးနှင့် ဆွေးနွေးတိုင်ပင်လိုပါက အရင်ဆုံး ဝန်ဆောင်ခ ဒေါ်လာ ၃၀ (အခွန်အပါအဝင်) ပေးဆောင်ရမှာပါ။ AK မှာတော့ Paypal က တဆင့်သာ ငွေချေနိုင်ပါမယ်။

① ညာဘက် Bar ထဲမှာရှိတဲ့ Log in ကနေ အရင် ဝင်ပါမယ်။

② Log in ရန် အီးမေးလ် လိပ်စာနဲ့ လျှို့ဝှက်နံပါတ်ကို ရိုက်ထည့်ရပါမယ်။

③ FInd a Mentor ထဲကို သွားပါမယ်။

④ ကိုယ် စိတ်ဝင်စားတဲ့ နယ်ပယ်နဲ့ သက်ဆိုင်တဲ့ ပညာရေး အကြံပေး ကို ရှာဖွေပါမယ်။

⑤ ကိုယ် တိုင်ပင်ဆွေးနွေးချင်တဲ့ အကြံပေးကို ရွေးချယ်ပြီး ကာက ငွေပေးချေပါမယ်။











ပညာရေး အကြံပေး ဝန်ဆောင်မှု စတင်ရန်

applykorea

ဝန်ဆောင်ခငွေပေးချေပြီးပါက ပညာရေး အကြံပေးနဲ့ စတင် စကားပြောဆိုနိုင်ပါပြီ။

① ငွေပေးချေပြီးပါက ပညာရေး အကြံပေးနဲ့ ပြောဆိုရန် နေရာကို သွားလို့ရပါပြီ။



② မေးခွန်းမေးရန် အပေါ်ဘက် ညာဘက်ထိပ်ရှိ ခဲတံပုံလေးကို နှိပ်ပြီး မေးခွန်းကို ရိုက်ထည့်ရပါမယ်။



③ ကိုယ် မေးချင်တဲ့ အကြောင်းအရာကို ရိုက်ပြီး တင်လိုက်တာနဲ့ ပညာရေး အကြံပေးဆီကို ရောက်သွားမှာပါ။

④ တဦးချင်း အမေးအဖြေမှ တဆင့် ကိုယ်သိချင်တာတွေကို အပြန်အလှန် ပြောဆိုလို့ရပါတယ်။



တက္ကသိုလ် လျှောက်ထားခြင်း ဝန်ဆောင်မှု

applykorea

Apply Korea က တဆင့် တက္ကသိုလ် ဝင်ခွင့် လွယ်ကူစွာ လျှောက်ထားနိုင်ပါတယ်။
ပြင်ပ အေဂျင်စီ ထက် ကုန်ကျစရိတ် ၁၀ ချိုး ၁ ချိုး သာ ကုန်ကျမှာဖြစ်ပါတယ်။

① ညာဘက် Bar တွင်ရှိသော Appplication Serviceကို နှိပ်ပါ။

② စာရွက်စာတမ်း တင်ရမယ့်နေရာသို့ ရောက်ပါလိမ့်မယ်။

③ အောက်ဆုံးမှာ ရှိတဲ့ စာရွက်စာတမ်း တင်ရန်ကို နှိပ်ပါ။

④ စာရွက်စာတမ်း မတင်ခင် member log in လုပ်ထားဖို့ လိုအပ်ပါမယ်။



တက္ကသိုလ် လျှောက်ထားရန် စာရွက်စာတမ်း တင်ခြင်း

applykorea

Track အနေနဲ့ကတော့ language program, Bachelor, Master, Transfer ထဲမှ တခုကို ရွေးချယ်ပြီး လျှောက်ထားနိုင်ပါတယ်။
တခါ လျှောက်ရင် တက္ကသိုလ် (၃) ခုထိ လျှောက်ထားနိုင်ပါတယ်။

① Track ထဲမှ တခုကို ရွေးချယ်ပါ။



② မိမိ တက်ရောက်လိုသော ကျောင်း ၃ကျောင်းကို ရွေးချယ်ပါ။



③ အောက်ဆုံးမှာ ပြထားတဲ့ ကျောင်းရွေးချယ်ရန် ကို နှိပ်ပါ။

④ ကျောင်းရဲ့ တက်ရောက်လိုသော မေဂျာကိုရွေးချယ်ပါ။ (ယာယီ မှတ်ထားလို့ရပါတယ်)



⑤ ကျောင်း ၃ကျောင်းလုံးကို တင်မယ့် စာရွက်စာတမ်း ဖိုင်ကို တင်ပါမယ်။ (ယာယီ မှတ်ထားလို့ ရပါတယ်)

⑥ တင်ပြီးသွားရင်တော့ ခုလို ုစာမျက်နှာ ကျလာပါလိမ့်မယ်။ .



စာရွက်စာတမ်း တင်ဖို့ကို လက်မှတ် ဝယ်ယူခြင်း

applykorea

စာရွက်စာတမ်း တင်ဖို့ လက်မှတ် ဝယ်ယူလိုပါက ဝန်ဆောင်ခကို ပေးချေထားဖို့ လိုအပ်ပြီး၊ လက်မှတ် တခုကတော့ တက္ကသိုလ် တခု လျှောက်ဖို့အတွက် အသုံးပြုနိုင်ပါတယ်။ သို့သော် ဝယ်ယူပြီးသား လက်မှတ်ကိုတော့ ငွေ ပြန်မအမ်းပေးပါ။

① စာရွက်စာတမ်းတင်ဖို့ လက်မှတ် မလုံလောက်သောအခါ

② လက်မှတ် ထပ်ဝယ်ရန်ကို နှိပ်ပြီး ဝယ်ယူနိုင်ပါတယ်။ .



③ လက်မှတ်ကတော့ ဒေါ်လာ ၃၀၀ဖြင့်စပြီး ၃၃ ဝယ်လို့ရပါတယ်။

④ Paypal မှ တဆင့် ငွေချေနိုင်ပါတယ်။



စာရွက်စာတမ်း အောင်ပြီးနောက် နောက်ဆုံးပိတ် စာရွက်စာတမ်း အပြီးတင်ရန်

applykorea

သက်ဆိုင်ရာ တက္ကသိုလ် အသီးသီးမှ အောင်မြင်ပြီးနောက် နောက်ဆုံးရွေးချယ်မှုဖြစ်သော တက္ကသိုလ်သို့ စာရွက်စာတမ်း အပြီးတင်နိုင်ပါတယ်။

① My Page ထဲသို့ ဝင်ပါမယ်။



② အပေါ်ဘက် menu bar မှ မိမိ လျှောက်ထားသားသော တက္ကသိုလ်ကို ရွေးချယ်ပါ။





③ လျှောက်ထားခြင်း ရလဒ်ကို စစ်ဆေးပါ။

④ ရွေးချယ် တက်ရောက်မယ့် တက္ကသိုလ်ကို ရွေးချယ်ပြီးပါက အတည်ပြု လျှောက်ထားခြင်းကို နှိပ်ပါ။

လှုပ်ရှားမှုများ

applykorea

AKရဲ့ အကြံပေး ဝန်ဆောင်မှုရယူသော ကျောင်းသားများအတွက် အကျိုးခံစားခွင့်များ

01

AK Editor ရဲ့ ပညာတော်သင် အတွေ့အကြုံ TIP ရယူနိုင်ခြင်း

Apply Tips Menuရဲ့ Tips နေရာတွင် နှိပ်ပြီး
Editor ရဲ့ ပညာတော်သင် အတွေ့အကြုံကို လေ့လာနိုင်ပါတယ်။

02

ကိုယ့် ပညာရေး အကြံပေးနှင့် တဦးချင်းစီ ဆွေးနွေးမှုရယူနိုင်ခြင်း

ပညာရေး အကြံပေးဆီ ဝန်ဆောင်မှုကို လျှောက်ထားပြီး ကိုရီးယား ကျောင်းသားဘဝနဲ့ ပတ်သက်သော သိချင်တာတွေကို မေးလို့ရပါတယ်။ တယောက် မကသော အကြံပေးတွေနဲ့ တ ချိန်တည်းမှာ တပြိုင်နက် ဆွေးနွေးနိုင်ပါတယ်။

03

ပညာရေး အကြံပေးရဲ့ ပညာတော်သင်ဘဝ အတွေ့အကြုံများကို ဖတ်ရှုနိုင်ခြင်း

ပညာရေး အကြံပေး ထံ ပညာရေးဆွေးနွေးမှုကို လျှောက်ထားပြီး၊ ကိုရီးယား ပညာတော်သင် ဘဝနဲ့ ပတ်သက်ပြီး သိလိုရာတွေ ရှာဖွေ ဖတ်ရှုနိုင်ပြီး တယောက် မကသော အကြံပေးများနှင့် ဆွေးနွေးမှု တပြိုင်နက်တည်း လုပ်နိုင်ပါတယ်။

04

ကိုရီးယားရှိ တက္ကသိုလ်များရဲ့ အချက်အလက်များကို ရှာဖွေနိုင်ခြင်း။

တက္ကသိုလ်ရဲ့ တည်နေရာ၊ မေဂျာ ဌာနများကို Univ. Info တွင် အသေးစိတ် ဖတ်ရှုနိုင်ပါတယ်။

05

တက္ကသိုလ်သို့ စာရွက်စာတမ်း တင်နိုင်ခြင်း

AK မှ တဆင့် ကိုရီးယားရှိ တက္ကသိုလ်များသို့ တိုက်ရိုက် ကျောင်းလျှောက်လွှာ တင်နိုင်ပါတယ်။ သက်သာသော နှုန်းထားနှင့် အလွယ်တကူ စာရွက်စာတမ်း တင်နိုင်ပါတယ်။

မကြာခဏ မေးတတ်သော မေးခွန်းများ (FAQ)

applykorea

Q ပညာရေး အကြံပေး တယောက်တည်းနှင့်သာ ဆွေးနွေးနိုင်တာလား။

ပညာရေး အကြံပေး ဝန်ဆောင်မှုသည် တဦးချင်းစီသာ ဆွေးနွေးပေးတာပါ။
ကြိုက်တဲ့ အကြံပေးဆီမှာ ကြိုက်သလောက် လျှောက်ထားနိုင်ပါတယ်။ သို့သော် ထပ်တိုး ဝန်ဆောင်ခ ပေးချေဖို့တော့ လိုအပ်ပါမယ်။

Q ဝန်ဆောင်ခ ဘယ်လိုပေးချေရမလဲ။

နိုင်ငံတကာ ငွေပေးချေမှု ပြုလုပ်နိုင်သော Paypal ဖြင့် ပေးချေနိုင်ပါတယ်။
Paypal မရတဲ့ နိုင်ငံအတွက် VPN ဖြင့်အပြောင်းအလဲလုပ်ပြီးငွေပေးချေရပါမယ်။

Q အကြံပေး ဝန်ဆောင်မှုကို ပယ်ဖျက်ပြီး ပြန်အမ်းငွေ ကို ရယူလိုပါက ဘယ်လို လုပ်ရမလဲ။

အကြံပေး ဝန်ဆောင်မှုက လစဉ် subscriptionက ဖြတ်သွားတဲ့ ပုံစံမျိုးဖြစ်တာကြောင့် My Page ထဲက ငွေရှင်းတမ်းထဲတွင် ရပ်တန့်ပေးဖို့ လိုအပ်ပါမယ်။
ကျောင်းသားရဲ့ စိတ်အပြောင်းအလဲ တခုတည်းကြောင့် နဲ့ ဝန်ဆောင်မှု ပယ်ဖျက်တာမျိုး၊ ပြန်အမ်းငွေ တောင်းခံတာမျိုးတော့ မရပါ။

Q ပညာရေး အကြံပေး ဖြစ်ဖို့ ဘာလိုအပ်ပါသလဲ။

ပညာရေး အကြံပေး အနေနဲ့ လုပ်ဆောင်လိုပါက ကိုရီးယားပြည်တွင်းရှိ ကျောင်းတွင် တက်ရောက်ကြောင်း အထောက်အထားပြဖို့ လိုအပ်ပါတယ်။
(My Page 〉 My Information) ထဲတွင် မိမိ တက်ရောက်နေသော ကျောင်းကို ရွေးချယ်ပေးပါက ပညာရေး အကြံပေးအဖြစ် သတ်မှတ်ပေးပါလိမ့်မယ်။